# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

# ဒသမနေ့ အစီအစဉ်

# [ ၂-၁၂-၂၀၁၆ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ်၏ **ယခင်နိုင်ငံတော် သမ္မတ၏ ပညာတော်သင်ဆု ရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဆက်လက်ပံ့ပိုးကူညီမှုများရှိ၊ မရှိနှင့် ယခုနိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရ ကျောင်းသား၊ ကျောင်းသူများကို မည်သည့် အချိန်တွင် ပညာတော်သင်စေလွှတ်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်၏ **စာသင်ကျောင်းများတွင် အားကစားကွင်းများ ကိုယ်စီဖန်တီးပေးနိုင်ခြင်းရှိ၊ မရှိ၊ အားကစားချိန်တွင် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများနှင့် အားကစားနည်း**

**တစ်မျိုးမျိုးကို သင်ကြားပေးရန်နှင့် ယခင်က ကဲ့သို့ ကျောင်းတွင်း အားကစားပွဲများ၊ ကျောင်းသား အားကစား ပွဲတော်များ၊ တက္ကသိုလ် နှင့် ကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **ဝန်ကြီးဌာန အလိုက်ဖြစ်စေ၊ ဦးစီးဌာနအလိုက်ဖြစ်စေ၊ နယ်မြေဒေသအလိုက် ဖြစ်စေ လမ်း၊ တံတားနှင့် လုပ်ငန်းအမျိုးမျိုး၌ စံသတ်မှတ်ချက် အမျိုးမျိုးကို တွေ့ရှိရပါသဖြင့် စံချိန်စံညွှန်း သတ်မှတ်ချက်များ ထားရှိခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်အေး၊ နတ်တလင်း မဲဆန္ဒနယ်၏ **နတ်တလင်းမြို့နယ်၊ ကြိုးကြာကန်ကျေးရွာ၊ အ.ထ.က(ခွဲ)ရှိ အန္တရာယ်ရှိ နှစ်ထပ် ကျောင်းဆောင်အား ပယ်ဖျက်၍ (၁၀၀ x ၃၀) ပေ နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **အခြေခံပညာကျောင်းများ တည်ဆောက်ရေးအတွက် ဒေသအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေပေါ်မူတည်၍ ဒေသဈေးနှုန်းများအပေါ် အခြေအနေ မှန်ဖြင့် တွက်ချက်တင်ပြသည့် အဆောက်အဦတန်ဖိုးကို အခြေခံ၍ လေလံစနစ်ဖြင့် တည်ဆောက်ခြင်း၊ ဆရာ၊ ဆရာမများ နားနေခန်းပါ အဆောက်အဦ ဒီဇိုင်းပုံစံပြောင်းလဲပေးရန်နှင့် သင်ထောက်ကူ စာသင်ခုံများ၊ သင်ပုန်းများအား ကျောင်းသူ၊ ကျောင်းသားဦးရေနှင့် အညီ ထောက်ပံ့ပေးရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဦးလှစော၊ မြောက်ဦး မဲဆန္ဒနယ်၏ **တက္ကသိုလ် တစ်ခုချင်းစီ အတွက် ပင်ရှုညာဉ်နှင့် တက္ကသိုလ်အားလုံးကို လွှမ်းခြုံသော ပင်ရှုညာဉ်ရေးဆွဲရေးအတွက် အချိန်မူဘောင်၊ တက္ကသိုလ် ကျောင်းသား သမဂ္ဂများအားလုံး မည်သည့်အချိန်တွင် တည်ထောင်ပြီးစီးမည်နှင့် သမိုင်းဝင်ကျောင်းသား သမဂ္ဂ အဆောက်အဦကို ပြန်လည် တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်က တင်သွင်းသည့် **"ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူနှင့် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တို့တွင် KIA, MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့ တို့မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်၊ မိုင်းထောင်မှု၊ ဖျက်ဆီးမှု၊ ဗုံးခွဲမှုများကြောင့် အပြစ်မဲ့ ပြည်သူများ သေကြေခြင်း၊ ဒဏ်ရာရခြင်းနှင့် အိုးအိမ်စွန့်ခွာ စစ်ပြေးဒုက္ခသည် ဘဝ ရောက်ခြင်းနှင့် နိုင်ငံ၏ အချုပ်အခြာတည်မြဲမှု၊ တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တို့အား ထိခိုက်စေခြင်း တို့ကို လွှတ်တော်မှ စိုးရိမ်ကြောင်း "** အရေးကြီး အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(ခ) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(ဂ) ဦးပွဲဒူ၊ ဖရူဆို မဲဆန္ဒနယ်၊

(ဃ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၊

(င) ဒေါက်တာဒေါ်သန်းငွေ၊ တောင်ကြီး မဲဆန္ဒနယ်၊

(စ) ဦးဦးလှစော၊ မြောက်ဦး မဲဆန္ဒနယ်၊

(ဆ) ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်၊ တပ်မတော်သား ကိုယ်စားလှယ်၊

(ဇ) ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၊

(ဈ) ဦးလမာနော်အောင်၊ အင်ဂျန်းယန် မဲဆန္ဒနယ်၊

(ည) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၊

(ဋ) ဗိုလ်မှူးကြီး သန်းအောင်၊ တပ်မတော်သား ကိုယ်စားလှယ်၊

(ဌ) ဦးအင်ထုံးခါးနော်ဆမ်၊ မြစ်ကြီးနား မဲဆန္ဒနယ်၊

၇။ အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။